
သျှင်မ
မပြေပေမယ့်
ကျေပါတယ်

# အခန်း(၁)

မုန့်ထုပ်တွေပါသည့် ကတ္တူပုံးသုံးပုံးကို ထပ်ဆင့်ကာ အလုပ်မြန်မြန်ပြီးအောင် ...၊ ပြီးတော့ "လုပ်နိုင်ပါတယ်" ဆိုတာကိုလည်း ပြချင်သည် မို့ လက်နှစ်ဖက်ထဲမှာ ထပ်ပိုက်ပြီး လှေကားထစ်တွေကို မှန်းရမ်းတက်ရလျှင် ...

"အို"

"အယ် ... ကန်တော့ ..."

တစ်စုံတစ်ယောက်နဲ့ တိုက်မိပြီမှန်းသလိုက်ပေမဲ့ ကိုယ့်ရဲ့ MD မှန်းမသိ။

မုန့်ပုံးတွေနှင့်ပိုက်လျက် ကိုယ်ကို တစ်စောင်းလှည့်ပြီးကြည့်လိုက်တော့မှ ...

"ကန်တော့နော် မမ ... ကန်တော့ ..."

"အင်း ... ရပါတယ်"

အရပ်မြင့်မြင့် ၊ ဖြူဖြူ၊ တောင့်တောင့်မို့ MD ဒေါ်မာယာဆက်က ငေးရလောက်အောင်လှ၏။ ဒါပေမဲ့ ရှေ့ဆက်ရှေ့လှမ်းလို့ မရအောင် မစဲငေးနေမိခြင်းက မာယာဆက်၏ အလှကြောင့်မဟုတ်ပေ။

သူမက ခွင့်လွှတ်ပြီး ကျွေ့ရှောင်ထွက်သွားသည့်နောက်မှာ

ကြောကြော့မော့မော့ ပါသွားခဲ့သော မစဲ၏ သူငယ်ချင်းချစ်သူ ချစ်မိုးမွန် ...၊

"မစဲ"

နှစ်ယောက်၏ အလယ်မှာ မာယာဆက်က ဖယ်ပေးလိုက်သလိုဖြစ်သွားတော့မှ တစ်ယောက်နဲ့ တစ်ယောက် မျက်နှာချင်းဆိုင်ဖြစ်သွားသည် ။

ထိုအခါ မိုးမွန်၏ နှုတ်ခမ်းဖျားတို့ ခပ်ဟဟပွင့်သွားခဲ့ပြီ "မစဲ" လို့ ဖွဖွရွရွရွတ်၏။ ချက်ချင်း နှုတ်ခမ်းလှလှတွေပြန်ပိတ်၊ မျက်လွှာချကာ မာယာဆက်၏ နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေသည် ။

"အမလေး ဒီလောက်လေးတာကြီးကို မပြီး ဘာရပ်လုပ်နေတာလဲ။ သွားလေ မစဲ"

"အဲဒါထားပြီး နားပါတော့ မစဲရယ်၊ ငါ သက်သာပါပြီ၊ သွား သွား"

ပထမတစ်ယောက်က ကတ္တူပုံးတွေ အထပ်လိုက်မပြီး ကျောက်ရုပ်ဖြစ်သွားခဲ့သည့် မစဲကို စေတနာသက်သက်ဖြင့် အော်ဟစ်သတိပေးသွားခြင်းဖြစ်ကာ မြခြူးကတော့ မစဲရဲ့ နှလုံးသားဒိုင်ယာရီကို အစကအဆုံးထိ ဖတ်ထားပြီးတဲ့ သူပါ။

ကတ္တူပုံးတွေ ချပြီးအချိန်မှာ မစဲအသံတိတ် မျက်ရည်ကျတော့မှာ ကိုလည်း မြခြူးက သိနေပြန်ကာ ...

"မစဲ သွားလေ၊ တချောင်ချောင်မှာ သွားငိုလိုက်၊ သူများ တွေ တစ်မျိုးထင်ဦးမယ်"

မုန့်ပုံးတွေထားသည့်အခန်းထဲမှာ မစဲ ငုတ်တုတ်မေ့နေတာက အတော်င်းဆွဲလွဲထခိုင်း၏။

တစ်ရွာတည်းသူချင်းပေမဲ့ မစဲက ပညာတတ်သည် မို့ ကုမ္ပဏီမှာ စာရင်းကိုင်ရာထူးနဲ့ ဖြစ်၏။ သူမကတော့ ရိုးရိုးစာရေးမလေးပါ။

ဒီနေ့ကျမှ အလုပ်ထဲရောက်လာကတည်းက ဗိုက်နာသဖြင့် ဘာလုပ်လုပ်အဆင်မပြေ။ ထို့ပြင်အချိန်ပိုဆင်းရပြီဆို အလုပ်သမားက မစုံ၊ ပစ္စည်းက အချိန်မရွေးရောက်လာတတ်တာမို့ ရှိနေတဲ့ လူတွေပဲ ဝိုင်းကူလုပ်ရ၏။

တကယ်ဆို သူမလုပ်ရမည့်အလုပ်တွေကို မစဲက ဝိုင်းကူပေးတာဖြစ်သည် ။

"နေစမ်းပါဟာ၊ စာရင်းကိုင်က ဝင်မလုပ်ရဘူးလို့ ဘယ်သူပြောလဲ၊ နင်ပြီးမှ ငါပြန်ရမှာ အတူတူပဲ သွားနားလိုက်၊ နင့်အစား ငါဝင်လုပ်မယ် "

မြခြူး ဗိုက်နာနေလို့ ဝင်ကူတုန်းက ပြုံးလို့ ရွှင်လို့ ။ ခုကျတော့ မျက်တောင်ဖျားလေးတွေ ဖြန့်ကြက်ငြိမ်သက်လျက် လှုပ်ရှားမှုကင်းမဲ့နေသည့် မျက်ဝန်းအိမ်လေးထဲမှာ မျက်ရည်တွေ။

ပါးတစ်ဖက်မှ တစ်ကြောင်းတည်းစွန်းထင်းလျက် ဆက်လက်ပြိုမဆင်းအောင် အတင်းအကျပ်ထိန်းချုပ်နေပုံပေါ်သည် ။ မျက်ရည်တွေက အောက်စပ်မျက်တောင်ဖျားတို့ မှာ လှုပ်လီလှုပ်လဲ့ ဟန်ပြင်နေကြ၏။

"ငိုချင်လည်း ငိုပေါ့ မစဲရယ်၊ တခြားနေရာမှာ လေ ..."

မြခြူး ပြောနေတုန်း ပစ္စည်းလာချသည့် တခြားလူ ဝင်လာသဖြင့် ခါးလေးကိုင်ပြီး မစဲကိုချော့နေရာကနေ မတ်ခနဲဖြစ်သွားသည် ။

မစဲ မျက်နှာကို မမြင်ရအောင် သူမကိုယ်နှင့် ဘာလုပ်သလိုလို၊ ညာလုပ်သလိုလို ပူးကပ်ကွယ်ထားလိုက်၏။ ပြီးတော့မှ ...

"ထပါ ... ထပါ မစဲရယ်၊ သွားစမ်းပါ ကိုယ့်စားပွဲမှာ ကိုယ်၊ ဒီလိုနေရာမှာ လူအထင်သေးကုန်ပါ့မယ်၊ နင့်ကို ငါ့အစကတည်းက သတိပေးနေတာပဲ၊ မိုးမွှန်ဆိုတဲ့ ကောင် မွှန်သွားပြီလို့ ..."

ပါးစပ်ကပြောနေရင်း မစဲကို မတ်တတ်ရပ်ဖြစ်အောင် ဆွဲထူသည် အခန်းပြင်ရောက်အောင် တွန်းပို့ရင်း မျက်ရည်သုတ်ဖို့ တစ်သျှူးလေးလည်း လက်ထဲထည့်ပေးသေးသည် ။

စားပွဲဆီပြန်ရောက်လာတော့ မစဲ မျက်ရည်မကျတော့ပါ။ တစ်သျှူးကို သေချာခေါက်ပြီး မျက်တောင်ဖျားကို ပင့်သုတ်ပစ်လိုက်သည် ။

ရွာမှာ ဆို သူမ ငိုတိုင်း မျက်ရည်သုတ်ဖို့ လက်ကိုင်ပဝါထုတ်ပေးတတ်တာ မိုးမွှန်ပဲဖြစ်သည် ။

"လက်ကိုင်ပဝါတွေ လိုချင်လို့ များ ငိုငိုနေတာလား မစဲရာ၊ အိမ်မှာဖြစ်လာသမျှ ငါ့ရှေ့ကျမှ ငို၊ ငါကလည်း မနေနိုင်တော့ ..."

ခုတော့ ... နင် နေနိုင်သွားပြီပေါ့ ...။

... ငါကလည်း အဖေအမေရိုက်လို့ အော်ငိုချင်ငိုမယ်၊ ယောက်ျားတစ်ယောက်က ရက်စက်သွားတာမျိုးကို ရှိုက်သံအထွက်မခံဘူး မိုးမွှန်။

ငါ မျက်ရည်တစ်စက်မှ မကျအောင် ပူလောင်မှုတွေ အငွေ့သေသွားတဲ့ တစ်နေ့ထိ ပတ်သက်ခဲ့ဖူးတာတွေကိုတော့ လွမ်းနေမိမှာ ပဲ။

ဒါပေမဲ့ နင် ပျော်ပါစေ ...။

***

# အခန်း(၂)

"နင်က ငါအရိုက်ခံရတာကို ပျော်နေတယ်ပေါ့"

"ဟုတ်တယ်၊ ငိုနေတာမြင်တော့ သနားသလိုလိုနဲ့ ခု မသနားတော့ဘူး"

"ရုပ်က ကြည့် ..."

မိုးမွန်က ပြုံးစိစိ ပခုံးတွန့်းလျက် ...

"အဲဒါမှ နင် ငါနဲ့ မြန်မြန်ညားမှာ လေ၊ အမေဆူရင် ငါ့ဆီပြေးခဲ့"

"အရိုက်ခံထားရတာတောင် ပြေးဖို့ စိတ်မကူးဘူး၊ ဟွန်း ..."

မစဲက မျက်စောင်းထိုးတော့ မိုးမွန် ရယ်သံကြီး မုန်းတီးဖွယ် ထွက်လာသည် ။

"နင့်ဘဝ၊ ငါ့ဘဝ သိပ်မကွာပါဘူး မစဲရာ၊ ငါက အမေ နောက်အိမ်ထောင်ပြုသွားပြီး၊ သားတစ်ယောက်ကိုတောင် မကြည့်မဖြူ ထောက်ပံ့ပေးနေတာ ၊ မိုးလုံရုံအိမ်လေးတစ်လုံးထဲမှာ ဆယ့်လေးနှစ်သားကတည်းက တစ်ယောက်တည်းနေရတဲ့ ဘဝလေ၊ နင်က ဆွေမျိုးရင်းချာတွေရှိပေမဲ့ မသဒ္ဒါကြည်ဖြူစွာပဲ စားနေရတယ်၊ တစ်ခုတော့သာတာပေါ့ဟာ ၊ နင်က ဆွေမျိုးမို့လို့ မကြင်နာတာကို ဖြေသာပါတယ်၊ ငါက အမေရင်းတစ်ယောက်ရဲ့ မေတ္တာကို ဆုံးရှုံးခဲ့ရတာ"

တစ်ခါတစ်ခါတော့ မိုးမွန်ရဲ့ စကားတွေက ဆုံးရှုံးမှုတွေ၊ မပြည့်စုံမှုတွေ အားလုံးကို စုစည်းမျိုချထားခဲ့သော နှစ်ချို့ဆာလောင်မှုတွေကို ဖွင့်လှစ်ပြလာတတ်၏။

မစဲနဲ့ မိုးမွန်က အိမ်မနီးပေမဲ့ ဘုရားပေါ်မှာ ခဏခဏဆုံဖြစ်ကြရင်း သူငယ်ချင်းစစ်စစ်ကြီးတွေ ဖြစ်လာခဲ့ကြသည် ။

ထိုစဉ်က နှစ်ယောက်စလုံး ခြောက်တန်းကျောင်းသားအရွယ်တွေပဲ ရှိသေး၏။

ရေလယ်ကျောက်တန်းဘုရားက ရွာနားနီးတော့ ပျင်းပျင်းရှိတိုင်း ရောက်သည် ခဏခဏသွားဖြစ်ကြ၏။

မိုးမွန်က ငယ်ငယ်ကတည်းက "ဖြူဖြူချောချောကောင်လေး" လို့ သတ်မှတ်ထားကြတဲ့ အထိ သန့်သန့်ချောချောလေးဖြစ်သည် ။ သူ့မှာ အထူးဆွဲဆောင်သည့်အချက်က ပြုံးလိုက်တိုင်း ပါးချိုင့်နှစ်ဖက်က လင်းခနဲ လက်ခနဲ။

ရယ်တိုင်းချောနေသည့်မျက်နှာမှာ ပါးချိုင့်နှစ်ဖက်က အပိုဆောင်းထားသဖြင့် လူပျိုပေါက်စဆိုသည့်အရွယ်မှာ အတော်ကြီးစန်းပွင့်လာခဲ့၏။

မစဲရဲ့ အဒေါ်တွေက ပင်လယ်ရေထွက်ငါးခြောက်တွေ မျိုးစုံရောင်းသည် ။ ဆိုင်မှာ ဝိုင်းကူရောင်းသည့် မိန်းကလေးတွေလည်း ရှိသလို ကျောင်းအားရက်တိုင်းမှာ မစဲပဲ ဝင်နေရ၏။

ထိုအချိန်မှာ အလုပ်မရှိအကိုင်မရှိ တစ်ရော့ကိုးတစ်ရော့တစ်ဆယ်ဆိုသော ပုဂ္ဂိုလ်မိုးမွန်က မစဲ ဘေး လာပြီး ဝိုင်းကူလိုက်၊ သမွန်ဆိပ်မှ ဟိုထိုင်ဒီထိုင်။

"မိုးမစဲ ... ညည်း အဲဒီမိုးမွှန်ဆိုတဲ့ ကောင်လေးကို အဆက်ဖြတ်စမ်း ဟိုတုန်းက ကလေးတွေမို့ ကြည့်နေတာ၊ အခု ညည်းတို့ ကလေးအရွယ် တွေ မဟုတ်တော့ဘူး။ ဘယ်နှယ့် မအေက အကျင့်မကောင်း သား ကြည့်တော့ မင်းသားရုပ်လေးတပြပြနဲ့ လတ်လျားလတ်လျား၊ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ဖို့ မကြိုးစားနဲ့ သိလား၊ အသက် ဘယ်ကထွက်ရမှန်းမသိဖြစ်သွားတယ်"

အဒေါ်ဖြစ်သည့် ဒေါ်ရီလင်းက စပြီးသတိပေးကတည်းက ငါးရိုးခုတ်နေသော ဓားမကြီးကို မြှောက်ပြခဲ့တာ ဖြစ်သည်။

"နင် ဆိုင်ကိုမလာနဲ့ တော့ မိုးမွှန်၊ ငါ့ဒေါ်လေးက မကြိုက်ဘူး"

"မကြိုက်ရအောင် ငါက သူကြိုက်အောင် လာနေတာမို့လို့ လား"

"မိုးမွှန် ..."

"သိသားပဲ မျက်နှာကြီး ဆယ့်ခြောက်ခေါက်လောက်ချိုးချိုးထားတာ "

"ရှစ်ခေါက်ချိုးဆို ရပြီ"

"ဒီထက်တောင်ပိုသေးတယ်၊ ဟွန်း ... ဟိုတုန်းကတော့ လူလေး ဒီငါးခြောက်တွဲလေး ပါကင်လုပ်ပေးပါ" ၊ "လူလေးရယ် မင်းသူငယ်ချင်းကို ဆိုင်ဝင်ခင်းပေးလိုက်ပါဦး" နဲ့ တတ်လည်း တတ်နိုင်တယ်"

"မဟုတ်ပါဘူးဟာ၊ ခုလည်း သူများ တွေ ဟိုပြောဒီပြော လာပြောကြတာကို နားဝင်နေလို့ ပါ၊ ဒေါ်လေးက ဒီလောက်မဟုတ်ပါဘူး"

"အဲဒါလည်း သိသားပဲ၊ ခရုပုတီးတွေရောင်းတဲ့ ဆိုင်က အပျိုကြီးနှစ်ယောက် သွားသွားပြီး ဘေးတီးနေတာ၊ သူတို့ လေ အမေ့ဆီက ငွေတိုး

ချေးပြီး မပြေမလည်ဖြစ်ကြတော့ အမေ့မကောင်းကြောင်းတွေ ပြောဖို့ လျှာသွက်အာသွက် ဖြစ်ကုန်တာပေါ့"

"ဟုတ်တယ်"

"အဲဒါပဲ ... သားသမီးကျတော့ ရာဇဝင်တွင် တယ်၊ မိဘမကောင်း တော့ သားသမီးခေါင်းဆိုတဲ့ စကားကျတော့ ရယ်စရာလိုလို၊ ဟာသလို လို၊ မိဘကို ငါ မပြစ်မှားချင်ဘူး၊ ဒါပေမဲ့ သူ့ကြောင့် ..."

"ကဲ ... တော်ပါတော့"

"နင် ငါ့ကို ပြန်ချစ်ပါလား"

"ဘာ ... ဘယ်လို ..."

ဆယ်တန်းစာမေးပွဲပြီးသည့်နေ့မှာ စပြီးမေးခဲ့သည့်မေးခွန်း ...၊

ချစ်တဲ့ စကားလည်း ဘယ်တုန်းကမှ မပြောခဲ့ဖူးပါ။ ပြောလာတော့ လည်း "နင့်ကိုချစ်တယ်" ဘာညာမဟုတ်။

"နေပါဦး မိုးမွန်၊ နင်က ငါ့ကို ..."

"ရည်းစားစကား မပြောခဲ့ဖူးလို့ လား၊ လိုမှ မလိုတာ မစဲရာ၊ နင် သိ ပါတယ်၊ ငါ့ကိုဆို ကောင်မလေးတွေက အေးဆေး"

"သွားကြိုက်ပေါ့"

"မကြိုက်ချင်လို့ ပေါ့ဟ၊သူတို့ က နင့်လောက်မလှဘူး၊ ချစ်စရာလည်း မကောင်းဘူး၊ ပြီးတော့ ငါနင့်ကို တစ်နေ့မြင်ရရင် မနေ နိုင်အောင် ခင်တွယ်နေတာ၊ ဘယ်လိုလုပ်ပြီး တခြားမိန်းကလေးကို ကြို က်လို့ ရမလဲ"

ရင်ခုန်စရာတွေပြောလာတော့လည်း အရွယ်ရိုင်းဆိုသည့် အသည်း

က မခိုင်။ အဒေါ်က မကြည်ဖြူတာတွေ ၊ "ငါတို့ ပညာမစုံသေးဘူး" "င ယ်ပါသေးတယ်" စသည် စသော ပြောဖို့ စကားတွေ ပါးစပ်ထဲရောက် လာပြီး မပြောဖြစ်။

ပြီးတော့ ချစ်သူတွေဖြစ်သွားကြပြီဆိုသော နှစ်ယောက်တည်းအသိန ှင့် သူ့ကို ခိုးချောင်းခိုးဝှက် ဖျတ်ခနဲလှမ်းမြင်၊ လှစ်ခနဲပြုံးပြပြီး မျက်နှာပြ န်ဝှက်။ ညှိသို့ညှိနှယ် တိတ်ဆိတ်စွာ ဖျတ်ဖျတ်လူးရင်ခုန်နေခဲ့ကြတာ တွေဟာ ဘယ်လိုသာယာကြည်နူးခြင်းနဲ့ မှ မတူ၊ ခဏနဲ့ ပျောက်ကွယ် တာမျိုးလည်း မဟုတ်ခဲ့ပါ။

ငယ်ရွယ်သူတွေဆိုပေမဲ့ ချစ်ခဲ့ကြတော့ ခိုင်ခိုင်မြဲမြဲ စွဲခဲ့ကြသည် ။

"မိုးမွန် ... နင့်ဆီကို စာတွေလာတယ်ဆို၊ ဘယ်ကောင်မလေးဆီက လဲ"

"များ လွန်းလို့ ဘယ်ကောင်မလေးမှန်းတောင်မသိဘူး၊ နင်သိပါတ ယ် မစဲရယ်၊ နာမည်ကိုက ချစ်မိုးမွန်၊ ချစ်လိုက်ကြတာ မိုးမွန်နေတာပဲ၊ သူများ နောက်မပါချင်ရင် လက်ထပ်ဖို့ မြန်မြန်ဆုံးဖြတ်လိုက်နော်၊ ခုနေ ဆို ဦးစားပေးစာရင်းမှာ ပါနိုင်တယ်"

"နင် အဲဒီလိုမစနဲ့ နော် ... ကဲ ..."

"အား ... သေပါပြီ၊ ဒီက အသားနုနုလေးကို ..."

"နုရုံတင်မကဘူး ပြတ်ကျဦးမယ်"

အထုခံလိုက်ရသည့်ကျောကို ကော့ထားဆဲနှင့် မိုးမွန်က ရယ်နေ၏။

"ဒီလောက် ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်ထားတာတောင် တလွဲတွေး နေသေးတယ်ကွာ၊ ငါပြန်ထုလိုက်ရရင် နှစ်ရက်လောက် သင်တန်းမဆ င်းနိုင်ဘဲဖြစ်သွားဦးမယ်"

ချစ်တော့ချစ်နေကြလျက်နှင့် ငယ်သူငယ်ချင်းဆိုသည့် ဖြူစင်ခြင်းတွေကလည်း မပြေချင်။ သူချစ်တာတွေပြောပြီး ပခုံးလေးဖက်လိုက်တာတောင် မစဲ အသားတွေတုန်ပြီး အဖျားတက်ချင်သည် ။

အဲဒီလက်ကိုဖယ်ချပြီး မစဲ မျက်နှာမမော့တော့ဘူးဆို မိုးမွန်ကလည်း လက်တပြင်ပြင်နဲ့ ပဲ မထိကိုင်ရဲရှာ ...။

"ငါ နင့်ကို နမ်းလို့ မရဘူးလား" လို့ မေးလိုက်တဲ့ နေ့ကများ ...

"ဘာ ... ဘာပြောလိုက်တယ်"

သူပြောတာ တိုးတိုးလေး၊ မစဲ ဝုန်းခနဲထရပ်ပြီး ပါးကို ယောင်ယမ်းအုပ်ပစ်လိုက်တော့ ဘေးလူတွေ ရိပ်မိကုန်ကြသည် ။

ထိုအခါ မိုးမွန် မျက်နှာကြီးနီရဲလျက် ...

"ဒုက္ခပဲကွာ၊ နမ်းလည်း မနမ်းရဘဲနဲ့ ငါကပဲ အတင်းနမ်းလိုက်သလိုလို ...၊ နင်တော့ ..."

ဒေါသမဟုတ်ပေမဲ့ သူ့မျက်နှာကြီးနီရဲနေတာကတော့ ရှက်စိတ်မွန်နေတာ ဖြစ်မှာ ပါ။

"နင့်ကိုချစ်ရတာ ရင်ခုန်သံတွေနဲ့ ပြန်နပန်းလုံးနေရတာနဲ့ ငါအသက်တိုနိုင်တယ်"

လို့ လည်း ပြောဖူးသေးတယ်။

ဒါပေမဲ့ ငါတို့ တွေ သောကကင်းကင်းနဲ့ ပျော်ခဲ့ကြတာပဲ မိုးမွန်ရယ် ...။

မကျေနပ်ဘူးဆိုတာတွေကို အဲဒီအချိန်တွေမှာ နင် ဖုံးဖိထားခဲ့တာလား ...။

ဒါမှ မဟုတ် နောက်ရည်းစားကိုပိုချင်သွားခဲ့လို့ လား ...။

မငိုပါဘူးလို့ တင်းထားပေမဲ့ အတိတ်ကို ခဏလေးပြန်လှည့်လိုက်တာနှင့် ခြေရာဟောင်းတို့ ပေါ်မှာ ပဲ မျက်ရည်စတို့ ပြေးတက်နေရာယူလာကြသည် ။

"မစဲ ငါတို့ ပြန်လို့ ရပြီ"

ဘေးမှာ မြခြူးရဲ့ အရိပ်လေး ရောက်လာတော့မှ အဆင်သင့်ပြင်ထားသည့် ဆလင်းဘက်ခ်လေးကို ပခုံးပေါ်ဆွဲချိတ်လိုက်မိတာ စက်ရုပ်တစ်ရုပ်လို ...။

မိုးမွှန်ရယ် နင့်ကို ငါချစ်ခဲ့တာ နွေဦးမှာ လေရူးတဲ့ အချစ်မျိုး မဟုတ်ဘူး ...။

***

## အခန်း(၃)

"ဘယ်လိုအချစ်ပဲဖြစ်ဖြစ် ခေါင်းစဉ်တွေအများကြီးတပ်လို့ ရပေမဲ့ အဓိကက သာယာဖို့ တစ်ခုအတွက်ပဲ၊ အိမ်ထောင်ရေးဆိုတာ မာ့အတွက်က အချစ်နဲ့ တခြားစီပဲ လေးလေး၊ အဲဒါကြောင့် အိမ်ထောင်ပြုဖို့ ရှိနေတဲ့ အကြောင်းက သပ်သပ်၊ မိမိစိတ်ချမ်းသာဖို့ အတွက် သာယာမှုကို ရှာတာက တစ်ပိုင်း ..."

"အဲဒီလို လူငယ်တွေရဲ့ ဒဿနအတိုင်း ညည်းနေလို့ မဖြစ်ဘူး"

"မာက အသက်လေးဆယ်ကျော်နေတဲ့ လူကြီးပိုင်းရောက်နေလို့ လား"

"ခက်တယ်"

ဦးမြကျော် တော်တော်စိတ်ညစ်သွားသည့်မျက်နှာကြီးနှင့် ခေါင်းတခါခါဖြစ်သွားသည် ။ အစကတည်းက "မာယာဆက်" ဆိုသော မိန်းမငယ်လေးတစ်ယောက် ဘယ်လိုခေါင်းမာတတ်မှန်း သိထားတာတောင် စိတ်အခန့်မသင့်နေတဲ့ အခါဆို သည်းမခံနိုင်အောင် ဖြစ်ဖြစ်သွားမိသည် ။

ဒီမိသားစုနှင့် တစ်သက်လုံး အတူနေလာခဲ့သည့်တစ်လျှောက်မှာ သူမ၏ မိဘနှစ်ပါးစလုံးမရှိကြတော့သည့်အဖြစ် ...။

သူ့မှာ လည်း တစ်ကိုယ်တည်းလူပျိုကြီးမို့ ဒီတူမလေးကိုပဲ သမီးရင်းလေးလို ဆက်လက်ထိန်းသိမ်း လာခဲ့ရသည့်အဖြစ်အားလုံးတို့ သည် တ

ကယ်တမ်း နောက်ပြန်ငဲ့ကြည့်ပြီး စဉ်းစားမည်ဆို စိတ်ချမ်းမြေ့စရာ ဘာများ ရှိလို့ လဲ ...။

အစ်ကိုဖြစ်သူ ဆုံးသွားခဲ့တာ ငါးနှစ်ကျော်ပဲရှိသေးသည် ။

မိခင်ဆုံးသွားတော့လည်း မိတဆိုးလေးမို့ ညီအစ်ကိုနှစ်ယောက် သူမလေးကို အလိုလိုက်ရ၊ ခွင့်လွှတ်ရ ..။

ဘယ်တုန်းကမှ လည်း ပြောဆိုကောင်းခဲ့တာမရှိ၊ အစ်ကိုဦးမြင့်ဇော် ကိုယ်တိုင် သမီးဖြစ်သူ၏ ခေါင်းမာတတ်သည့် တစ်ဇွတ်ထိုးအကျင့်ကြောင့် သူမအတွက် အိမ်ထောင်ရေးကို စောစီးစွာ စီစဉ်ဖို့ ကြိုးစားခဲ့၏။

ဒါပေမဲ့ ထိုကိစ္စတွေ အပြီးမသတ်ဘဲ ဆုံးပါးသွားခဲ့သည် ။ ထိုအခါ ကျန်ရစ်ခဲ့သူ၏ ပခုံးပေါ်ကို ဒီတာဝန်က လုံးလုံးလျားလျား ရောက်လာခဲ့၏။

"ဒီကိစ္စကို မင်း ကြိုးစားပေးစမ်းပါ၊ ငါမရှိတော့ဘူးဆိုရင် ဒီကိစ္စကို ဆောင်ရွက်ဖို့ ခက်မယ်ဆိုတာ ငါသိတယ်၊ ဘာဖြစ်လို့ လဲဆိုတော့ ငါ့သမီးက ပြောဆိုမကောင်းဘူး၊ ကိုအုပ်စိုးတို့ ဘက်က အရှိန်အဝါကြီးတယ်၊ တစ်ခု အားကိုးဖို့ ရှိတာကိုအုပ်စိုးရဲ့ စိတ်ဓာတ်ပဲ၊ သူ့ရဲ့ စကားအတိုင်း အလုပ်နဲ့ တကယ် လက်တွေ့ ပြမပြပေ့ါ၊ ငါ့ကို မိတ်ဆွေရင်းတွေမို့ အစစ ကူညီခဲ့သလို သူ့သားနဲ့ လက်ထပ်ပေးဖို့ အထိ သဘောတူခဲ့ကြတယ်၊ ငါမရှိတဲ့ အချိန်မှာ သူနေမယ်ဆိုနေနိုင်တယ်လေ၊ မင်းဘက်က မင်းတူမကို ပြောဆိုဖျောင်းဖျပေးဖို့ " တဲ့ ...။

"ဘယ်လို ဖျောင်းဖျရမလဲ အစ်ကို၊ ဒီမှာ လည်း လာကြည့်ပါဦး" လို့ သာ အော်ပြောလိုက်ချင်တော့သည် ။ ဦးမြကျော်၏ စိတ်ကူးများက မာယာဆက်သို့ ရောက်သွားခဲ့သည် မို့ မျက်လုံးတို့ က အလိုလိုရောက်သွား

၏။

သူမကတော့ မာမာဆက်ကနေ "မာယာဆက်" တွေ ဘာတွေဖြစ်လို့၊ ထင်တိုင်းကြဲနေလိုက်တာ၊ ကိုယ့်အလုပ်သမားနဲ့ ပြန်တွဲနေပုံက ချစ်သူလို စေ့စပ်ထားသလိုလို၊ အကြီးအကဲအုပ်ထိန်းသူအနေနဲ့ ဒါကို မပြောမဆိုဘဲ နေလို့ ရမလား ...။

"လေးလေးက ဘယ်လိုစကားလုံးတွေနဲ့ အကြောင်းပြခြောက်လှန့်ဖို့ စဉ်းစားနေတာလဲ"

သူ လှမ်းကြည့်လိုက်တာမြင်သည် နှင့် မာ့အသံလေးက ငေါက်ဆတ်ဆတ်ထွက်လာသည် ။ မာက ဦးမြကျော်ကို စိုက်ကြည့်နေပြီးမှ ဟိုဘက်ပြန်လှည့်ကာ ...

"ကိုယ်က MD တစ်ယောက်ပဲ၊ ကိုယ့်အောက်ကလူတွေ ကိုယ့်ရှေ့မှာ မပြောဆိုရဲလို့ ကွယ်ရာမှာ တွတ်ထိုးနေတဲ့ ကိစ္စ၊ မာက ဘာကိုဂရုစိုက်ရမှာ လဲ"

"ကိုယ့်အောက်ကလူတွေဆိုတာ တတ်ထားကြတဲ့ ပညာအရည်အချင်းအလိုက် နည်းနည်းနိမ့်တာ၊ နည်းနည်းမြင့်တာတွေ ကွာချင်ကွာမယ်၊ လူလူချင်းကတော့ အတူတူပဲ မာ၊ ကိုယ့်ဖင်အောက်က ခုထိုင်ထားတဲ့ ခုံတောင်မှ ခြေလေးချောင်းမှာ တစ်ချောင်းကနဲ့ နေရင် ထိုင်တဲ့ လူမှာ သက်သောင့်သက်သာ ရှိပ့ါမလား၊ လက်အောက်ငယ်သားဆိုတာ ကိုယ့်ရဲ့ ခြေထောက်ပဲ၊ ပိုရှင်းအောင်ပြောရရင် မိမိရဲ့ ရပ်တည်မှုဟာ မိမိပတ်ဝန်းကျင်နဲ့ အများကြီး သက်ဆိုင်တယ်၊ အခု ညည်းလုပ်နေပုံက ဂရုမစိုက်ပါဘူးလို့ ပြောနေပြီး လက်အောက်ငယ်သားဆိုတဲ့ ထဲက တစ်ယောက်ကို ..."

"မိုးမွှန်က လက်အောက်ငယ်သား မဟုတ်ဘူး လေးလေး၊ မာ့ရဲ့ အ

တွင်းရေးမှူး၊ သူ့မှာ အရည်အချင်းရှိလို့ ရှိတဲ့ အတိုင်း ..."

" မဟုတ်ဘူး ၊ သူ့ကို သဘောကျပြီး မရှိတာကို အရှိလုပ်လိုက်တာ၊ ဒါကို တစ်ရုံးလုံးက သိတယ်"

ဆူပူသောင်းကျန်းလို့ မရတဲ့ မိန်းကလေးမှန်းသိပေမဲ့ ပြောပြနားချဖို့ စိတ်ကူးတွေ ပျောက်ကုန်ခဲ့သည် ။ ဒါကြောင့်ပဲ အရှက်တကွဲရင်ဆိုင်နေရတာ၊ သူမက ဂရုမစိုက်ပေမဲ့ အိမ်မှာ နေသည့် သူ့နားထဲထိ ပေါက်ကြားလာခဲ့တာကို ဘယ်လိုကြည့်နေရမလဲ။

"ဒီကောင်လေးက လူသတိထားမိလောက်အောင် ရုပ်ချောတယ်၊ ပညာလေးလည်း အသင့်အတင့်တတ်ထားတာကို ထားလိုက်ပါ၊ ဒါပေမဲ့ ကုမ္ပဏီရဲ့ အတွင်းရေးမှူးဖြစ်လောက်အောင်တော့ မဟုတ်သေးဘူး"

ဦးမြကျော်၏ စကားတွေမှာ မာ့မျက်နှာလေး တဖြည်းဖြည်းတင်းသည် ထက် တင်းလာခဲ့၏။ လည်ကုပ်အစပ်ထိ ပုံဖော်ထားသော ဆံပင်တိုတိုနှင့် မာ့မျက်နှာသွယ်သွယ်က အသားဖြူတော့လည်း ဖြူလွန်းသည့်ဘက်ထိပါတာမို့ နည်းနည်းလေးအရောင်ပြောင်းသွားတာနှင့် သိသာသည် ။

ထို့ပြင် မျက်ဝန်းအိမ်ကျယ်ပြီး မျက်တောင်အားမကောင်းတော့ မျက်ဝန်း၏ အလှက အရှိကိုအရှိအတိုင်း ထားလို့ မပေါ်လွင်။

"မာယာဆက်" ဆိုသည့် နာမည်နှင့်ကျမှ သူမ အရမ်းပေါ်လွင်လာတာဟာ အရမ်းပြင်ထားလို့ ပဲ ဖြစ်၏။ ကိုယ့်တူမလေး လှနေတာကို ဦးမြကျော် သဘောကျပါသည် ။ မိန်းကလေးတွေရဲ့ ကြွယ်ဝမှုဟာ အလှအပပိုင်ဆိုင်ခြင်းမှာ ကွာခြားသွားကြတာ ဖြစ်သည် ။

ထို့ကြောင့် သူမ၏ အိမ်ထောင်ရေးအတွက် အကောင်းဆုံးဖြစ်အော

င် စီမံဆောင်ရွက်ပေးနေရခြင်းမှာ သူမ လှနေလေ စိတ်ချမ်းသာရလေ ဖြစ်၏။

ဒါပေမဲ့ လှအောင်ပြင်တတ်ပြီး ကိုယ့်ရဲ့ အလှကို တန်ဖိုးမထားတတ်တာ ဘယ်လိုလုပ်မှာ လဲ။ သမီးမိန်းကလေးတစ်ယောက်ကို ဒီလိုကိစ္စတွေမှာ နားဝင်အောင် ပြောဆိုဆုံးမဖို့ တော့ သူ မတတ်နိုင်ပါ။

ခုတောင်မှ သူ ဘာပြောပြော ဒီကောင်မလေး အကောင်းမြင်ခဲ့တာ တစ်ခုမှ မရှိ။ လူကြီးတစ်ယောက်ကို ပမာမခန့်ပြင်ဆင်ထားသည့် ဒေါသမျက်နှာလေးအား ဦးမြကျော်က ဂရုမစိုက်သလို နေလိုက်ကာ ...

"လေးလေးပြောတဲ့ ဂရုစိုက်ဖို့ ဆိုတာ ဒီလူတွေမပါရင်တောင်မှ ဦးအုပ်စိုးတို့ ဘက်က အသိုင်းအဝိုင်းကိုတော့ ညည်း ထည့်တွက်ရမှာ "

တင်းနေသည့် မာ့မျက်နှာလေး ဖျတ်ခနဲ လှည့်လာတော့ မဲ့ပြုံးလေး စွန်းထင်းလျက် ...

"ဘာလုပ်ဖို့ လဲ လေးလေး။ လေထဲမှာ တိုက်ဆောက်ပြီး ပြိုကျမှာကြောက်နေတာလား၊ ဟွန်း ... သူတို့ ချမ်းသာသလောက်တော့ မာတို့လည်း ချမ်းသာတာပဲ"

"မဟုတ်သေးဘူးလေ"

"ဟုတ်တယ်၊ ဦးအုပ်စိုးရဲ့ သားနဲ့ လက်ထပ်နိုင်မှ မာ့ဘဝလုံခြုံနိုင်တော့မလိုလို၊ ဒီလူတွေကို သိပ်အလေးထားတဲ့ ပုံတွေ ပြမနေပါနဲ့ ၊ အဲဒီလိုဟာမျိုးဆိုရင် မာက ရွံ့ပစ်ချင်တာ"

"ဒါက လေးလေးကျမှ ဖြစ်နေတာ မဟုတ်ဘူး ၊ ညည်းအဖေ ငါ့ရဲ့ အစ်ကိုကြီးကိုယ်တိုင် အသေမဖြောင့်နိုင်လောက်အောင် နောက်ဆံတင်းခဲ့ရှာတဲ့ ကိစ္စ၊ ပြီးတော့ လူကြီးတွေရဲ့ အပိုင်းမှာ ညည်း မသိတဲ့ ..."

"မသိဘူးထင်ရင် အသိပေးပေါ့၊ အသိမခံဝံ့တဲ့ ကိစ္စမျိုး ဖေဖေ့မှာ မရှိခဲ့ဘူးဆိုတာ မာသိတယ်၊ ဖေဖေရှိစဉ်က စေ့စပ်ပြောဆိုခဲ့ကြတာတွေကို အခု ဖေဖေ မရှိတော့လို့ သူတို့ ဘက်က အေးတိအေးစက် ဖြစ်သွားတာလည်း ကြည့်ပါဦး၊ အဲဒီလိုဖြစ်အောင် လေးလေး ပျာယာခတ်နေလို့ မာက ပြောရင် လေးလေး ခံနိုင်မလား"

"မဟုတ်သေးပါဘူးကွယ်"

"ဘာဖြစ်လို့ မဟုတ်ရမှာ လဲ၊ နိုင်ငံခြားမှာ လုပ်ငန်းထူထောင်ကြတဲ့ အထိ ဖေဖေက လုံးဝလှည့်မကြည့်ဘဲ သူတို့ ကို ယုံယုံကြည်ကြည်လွှဲအပ်ခဲ့တာတွေ၊ ဖေဖေ့ကို အရှုံးပြပြီး ရှယ်ယာတွေကုန်အောင် ပထုတ်လိုက်ကြတာတွေ အားလုံး မာ မသိဘူး ထင်လို့ လား"

မဟုတ်ဘူး ၊ အဲဒီလို မဟုတ်သေးဘူး ... ဟု အသံတိတ်ပြောရင်း ဦးမြကျော် မျက်နှာကြီး မသက်မသာဖြစ်နေခဲ့၏။ ခေါင်းခါမိလိုက်၊ ပြောမလို့ ပြင်မော့လာလိုက် ...။ ဒါပေမဲ့ မာက သူမ သိထားသမျှသာ အမှန်လို့ ယူဆပြီးဖြစ်ပုံနှင့် ဘာကိုမှ ပြောခွင့်မပေး။ နားလည်း မထောင်။

"လေးလေးမသိတာတွေ မာ သိနေတယ်ဆိုရင် လေးလေး အံ့သြသွားလိမ့်မယ်"

ပိုင်နိုင်သည့်မျက်နှာလေးနှင့် ပြောပြီး ဝင်လာကတည်းက ထိုင်လည်း ထိုင်။ လက်ကမချဖြစ်သေးသည့် ပိုက်ဆံအိတ်ရှည်လေးကိုလည်း ခုထိ လက်ပိုက်ကိုင်ထားဆဲနှင့် ...

"တကယ်ဆို သူများကိုလိမ်လည်ပြီး ချမ်းသာနေတဲ့ သူတို့ အုပ်စုကသာ မာတို့ ကို လေးစားကြောက်ရွံ့နေရမှာ ၊ အဲဒီအဖြစ်တွေကို မသိစိတ်က အားနာပြီး ဖေဖေ စီးပွားရေးထိခိုက်တာနဲ့ သူ့သားနဲ့ လက်ထပ်ပေးချင်တယ်လို့ ကမ်းလှမ်းလာတာ ကျေးဇူးတင်ရဦးမှာ လား"

"အဖြစ်မှန်က ညည်းထင်ထားသလိုမဟုတ်သေးဘူး မာ၊ အစ်ကိုကြီးနဲ့ ..."

ဦးမြကျော် တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွား၏။ မျက်မှောင်ကြုတ်ကြည့်နေပြီးမှ ဘာမှ ဆက်ပြောမလာတော့၊ မာက ဟွန့်ခနဲရယ်သည် ။

"ဖေဖေနဲ့ မြန်မာပြည်မှာ စာချုပ်စာတမ်းတွေလုပ်ပြီး ရသမျှငွေတွေ ပိုက်ယူသွားတာ ဘယ်သူလို့ လေးလေး ထင်လို့ လဲ၊ အဲဒါ ဦးအုပ်စိုး ..."

"အဲဒီတုန်းက ညည်း ငယ်ပါသေးတယ် မာရယ်၊ ဟိုတုန်းကရော ခုရော ဒါတွေကို စိတ်ဝင်စားခဲ့တာမဟုတ်ဘဲ ခုကျမှ ဘာဖြစ်လို့ တစ်စတစ်စ ပြန်ကြည့်နေတာလဲ"

"ခုကျမှ မာက ဦးအုပ်စိုးဆိုတဲ့ လူကြီးနဲ့ ပြန်ပတ်သက်ဖို့ ဖြစ်လာတာကိုး၊ ဒီလူကြီးကို လေးလေး ဘာမှ အထင်တကြီးပြောမနေနဲ့ ၊ ဟိုတုန်းက ဖေဖေ့ ကိစ္စတွေမှာ လေးလေး ပူးပေါင်းပါဝင်ခဲ့တာရော ဘာရှိခဲ့လို့ လဲ၊ မာက ဘာမှ မသိခဲ့ဘူးဆိုရင်တောင် လေးလေးလည်း မာ့ထက် ပိုပြီး ဘာမှ မသိနိုင်ဘူး၊ အဲဒါ ဝန်ခံလိုက်"

ဦးမြကျော် မျက်နှာကြီး ညိုမှောင်ကျသွားသည် ။ ဒီလောက်ထိ သူ မဟုတ်ဘူး ဆိုတာ ပြောနိုင်ပေမဲ့ ဘယ်လိုပတ်သက်ခဲ့တယ်ဆိုတာ သက်သေပြစရာက မရှိ။

"မာကတော့ ဂရုမစိုက်ဘူး၊ ဦးအုပ်စိုးသားနဲ့ လက်မထပ်နိုင်လည်း ကောင်းတယ်လို့ မှတ်တယ်၊ မိုးမွန်ကို သူတို့ ကြောင့်ရော တခြားလူတွေကြောင့်ရော ဘာကြောင့်မှ လက်တွဲမဖြုတ်ဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ မာ သူ့ကို ချစ်တယ်"

မလေးမစားပြောလှချေလားဆိုပြီး ပိတ်ရိုက်ပစ်ဖို့ ကောင်းသည် ။ ဒါ

ပေမဲ့ ဦးမြကျော် စိတ်ကူးထဲမှာ တောင် မဖြစ်မိပါ။ တူမဆိုသည့် သံယောဇဉ်ထက် အစ်ကိုကြီးရဲ့ သမီးလေးဆိုသည့် ကရုဏာကိုပဲ ထားခဲ့တာ ဖြစ်၏။

"ခွေးကိုရိုက်ချင်ရင် ခွေးရှင်မျက်နှာကို ကြည့်ရတယ်" ဆိုတာမျိုးလား။

စိတ်ပျက်ဒေါသတွေ ဖြစ်လာလျှင် သွားလေသူ အစ်ကိုကြီးရဲ့ မျက်နှာကို သတိရလိုက်တာနှင့် အားလုံးပြန်၍ ပျောက်ကွယ်သွားတတ်၏။

မာယာဆက်ဆိုသည့် မိန်းကလေးကို ဤသို့သာခွင့်လွှတ်ခြင်းဖြင့် ဒီနေ့ထိ ထိန်းကျောင်းလာနိုင်ခဲ့တာ ဖြစ်သည် ။ ရှိပါစေတော့ ...။

"တစ်ခုတော့ ရှိတယ် မာ"

မပြောချင်ပေမဲ့ ပြောစရာတွေက ကျန်နေသေးသည် မို့ ...

"ညည်းလည်း ကလေးမှ မဟုတ်တော့ဘဲ၊ ပူလွန်းအေးလွန်းခြင်းမှာ အငွေ့ပြန်တတ်တဲ့ သက်ရောက်မှုတွေ ရှိကြတယ်။ ပူတာကိုတော့ ပူမှန်းသိပါစေ"

"လေးလေး ဘာကိုပြောတာလဲ"

ဦးမြကျော်က ဆက်မပြောချင်တော့သည့် မျက်နှာအိုနှင့် ခပ်လွှဲလွှဲဖြစ်သွားသည် ။ ပြီးမှ ...

"ဘယ်အရာကိုမှ ဂရုမစိုက်ချင်နေ၊ ညည်းဘ၀ကိုတော့ ဂရုစိုက်ပါ"

"မာ့ကို မိုးမွှန်နဲ့ မတွေ့ဖို့ ပြောချင်တာလား လေးလေး"

" ... .... ..."

"မိုးမွန်က မာ့စိတ်ကူးထဲက မင်းသား၊ ဦးအုပ်စိုးက လက်ထပ်ဖို့ ကိစ္စကို သူ့သားနဲ့ ဆက်လက်စီစဉ်သည် ဖြစ်စေ၊ မဟုတ်တော့ဘူးဖြစ်စေ မိုးမွန်ကို လက်မလွှတ်နိုင်ဘူး"

"ညည်းတောင် အဲဒီလိုဖြစ်နေရင် ဒီကောင်လေးရဲ့ ချစ်သူဆိုတဲ့ ကောင်မလေး ရင်ထဲမှာ ဘယ်လိုနေမလဲ"

"ဟင်"

"ဒီမိန်းကလေးကို စာနာလို့ ပြောနေတာ မဟုတ်ဘူး မာ၊ လုပ်ပုံတွေက အရမ်းကိုရုပ်ဆိုးနေလို့ ညည်း မြင်အောင်ထောက်ပြတာ၊ ဒီမိန်းကလေးက ကိုယ့်ထက်အများကြီးနိမ့်တဲ့ ဝန်ထမ်း မဟုတ်ဘူး လား၊ သူ့ရဲ့ ပါးစပ်က အခြေအနေကို ဒီထက်အများကြီးဆိုးအောင် လျှောက်ဖွပစ်လို့၊ ကွာတယ် ကိုယ့်အဆင့်အတန်းနဲ့ သူ့အဆင့်အတန်း ..."

"အဲဒီလိုကွာနေလို့ လဲ ဂရုမစိုက်တာပေါ့ မိုးမစဲ ဆိုတဲ့ ကောင်မလေးက မာယာဆက်ကို မျက်လွှာပင့်ကြည့်ရဲတယ်ဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့"

"ညည်းက ဒီကောင်လေးကိုပဲ ..."

"ချစ်သူပါ၊ ဦးအုပ်စိုးရဲ့ သားကိုလည်း မာလက်ထပ်မှာ ပဲ၊ ပြောပြီးပြီလေ၊ သာယာမှုက သပ်သပ်၊ အိမ်ထောင်ရေးက တစ်ပိုင်းပါလို့ "

"ညည်းက ဘာနဲ့ တူနေသလဲ သိလား မာ"

"ဘာနဲ့ တူနေလို့ လဲ"

"ရာဇဝင်၊ ဇာတ်တော်တွေကို တစ်ချက်လောက်ပြန်လှန်ကြည့်လိုက်ပါ၊ ညည်း သဘောပေါက်သွားလိမ့်မယ်"

ဦးမြကျော်က ဒါပဲပြောပြီး နောက်လှည့်ဝင်သွားခဲ့သည် ။ သူခေါ်လို့ ရောက်လာခဲ့သည့် မာ တစ်ယောက်တည်း ဧည့်ခန်းထဲမှာ ကျန်ခဲ့၏။

မလာချင်ဘဲလာခဲ့ရပြီး မကြားချင်တာတွေ ပြောနေလို့ အကြိမ်ကြိမ် ခြေလှမ်းပြင်နေတာက သူမဖြစ်ခဲ့လျက် အခု ပြန်ဖို့ သတိမရဘဲဖြစ်သွားတာလည်း သူမ ...၊

လေးလေး ဘာပြောသွားတာလဲ ...။

***

# အခန်း(၄)

"ဘာဖြစ်နေတာလဲ မိုး"

"မဖြစ်ပါဘူး"

လူ သတိထားမိအောင်ဖြစ်သွားသည့်မျက်နှာကို ချက်ချင်းပြင်ဆင်ကာ မိုးမွန်က ခေါင်းခါ၏။ မာက အောင်နိုင်သည့်အပြုံးနှင့် ခေါင်းဆတ်ခနဲ ညိတ်၏။

မိုးမွန်၏ စပို့ရှပ်အနီရဲရဲ၊ ဘောင်းဘီရှည်အဖြူနှင့် ရှင်းသန့်ချောမွေ့နေသည့် တစ်ကိုယ်လုံးကို ရွှန်းရွှန်းစားစားကြည့်လိုက်ပြီး တစိမ့်စိမ့်ပြုံးနေမိတာ မပြီးနိုင်။

လှိုင်းတွန့်ထင်နေသည့်ဆံပင်ကို အလယ်ခွဲထားပေမဲ့ ပီပီပြင်ပြင်ကြီးမဟုတ်၊ ညိုမှောင်သည့်မျက်ခုံးတန်းတို့ သည် သေးသွယ်၍ အဖျားရှူးနေသဖြင့် မျက်တောင်ခပ်ကျဲကျဲတွေ ကော့နေတာနှင့်ဆိုတော့ ဒီမျက်ဝန်းတွေဟာ တစ်နေကုန် ထိုင်ကြည့်နေတာတောင် ငြီးငွေ့သွားဖို့ မရှိနိုင်။

အရပ်အမောင်းအားဖြင့်ဆိုလည်း
ယောကျ်ားကောင်းတစ်ယောက်မှာ ရှိနေသင့်သည့် အရပ်မျိုးပဲ ဖြစ်သည်
။

အနည်းငယ်ပိန်ချင်သလိုရှိတာကလည်း မိုးမွန်က လမ်းလျှောက်ပုံ စ

မတ်ကျသည် ။ အားလုံးသော ပြည့်စုံသည့် အရည်အချင်းတွေထဲမှာ ထိုင်ကြည့်နေချင်အောင်ချောသည့် ယောကျ်ားဖြစ်နေခြင်းက မာ ဘယ်လိုမှ စွန့်လွှတ်အဆုံးရှုံးမခံနိုင်သည့် အချက် ဖြစ်၏။

ဘာဖြစ်လဲ၊ မိုးမွန်ဆိုတဲ့ လူ ဘယ်အဆင့်အတန်းကပဲလာလာ ထင်ပေါ်လို့ စင်တော်ကကောက်တာ မဟုတ်ဘူး လား။

ရှေးခေတ်ဘုရင်တွေတောင်မှ တိုင်းခန်းလှည့်လည်ပြီး မိဖုရားရှာကြသေးတာ၊ မင်းမျိုးမင်းနွယ်ဖြစ်မှ မိဖုရားမြှောက်တာလား၊ သူကြွယ်အမတ်ရဲ့ သမီးဖြစ်မှ မိဖုရားဖြစ်ထိုက်သတဲ့ လား။ ကိုယ့်အတွေးနဲ့ ကိုယ် ပြုံးရင်း ၊ မိုးမွန်အတွက် ကက်ပူချီနိုကို ကိုယ်တိုင်ထည့်ဖျော်ပြီး စိမ်ပြေနပြေ မွှေပေးနေမိသည် ။

မာကတော့ ကိုယ့်ကိုယ်ကိုယ် ဘုရင်မလို့ သတ်မှတ်သည် ။ ဘုရင်မဟုတ်ပေမဲ့ ကိုယ်လည်း ကိုယ်နှစ်သက်တာကို "တော်" ကောက်ချင်တာပေါ့၊ ဘာဖြစ်လဲ ...၊

ဘုရင်က ဘုန်းကံစည်းစိမ်တွေ ခြံရံသလို မောင်းမမိဖုရားတွေ ကြိုက်သလို မြှောက်တင်ခံစားလို့ ရသည် ။ ကိုယ့်မှာ လည်း စည်းစိမ်ဥစ္စာတွေနဲ့ ပဲ ...၊

ကိုယ့်မှာ ငွေရှိသည် ၊ မိုးမွန်က မရှိတဲ့ သူ၊ ဒီထက်လိုက်ဖက်တာ ဘာရှိသေးလဲ ...၊ "သမဝါယမ"ဖြစ်ပေါ်လာပုံကိုတွေးမိပြီး ကိုယ့်ဘာသာ ပြုံးမိပြန်သည် ။ ပြီးတော့ မျက်တောင်ဖျားတို့ စင်းချလျက် စီးကရက်သောက်နေသည့် မိုးမွန်၏ နီမြန်းသောနှုတ်ခမ်းသားတို့ ဆီ ဖျတ်ခနဲ အကြည့်ရောက်၏။

ကိုယ်နဲ့ တွဲနေသည့်အချိန်မှာ လွတ်လပ်ပေါ့ပါးနေသလို ထင်ရပေမဲ့ တစ်စုံတစ်ယောက်နှင့် ခလုတ်တိုက်မိသည့်အခါတိုင်း မိုးမွန် ဘာဖြစ်ဖြ

စ် သွားတတ်သလဲ …၊ ဒါလည်း သူမ သိနေသည် ။

"မျက်နှာက ဘာဖြစ်နေတာလဲ"

လို့ မေးလိုက်တာမျိုးရှိပေမဲ့ မိုးမွှန်က …

"ဘာမှ မဖြစ်ပါဘူး" လို့ ဖြေလိုက်တာနှင့် သူမက မေးခွန်းကို ဒီမှာ ပဲ ရပ်ပစ်ခဲ့ကာ ဘယ်သောအခါကမှ မရမကမေးမြန်းခဲ့တာမရှိ။

သိနေတာကို ဘယ်လိုမေးရမလဲ၊ ကုမ္ပဏီကို ရောက်လာကတည်း က ချစ်မိုးမွှန်နဲ့ မိုးမစဲဆိုသည့် တွဲလျက်နာမည်နှစ်မျိုးကို လူသိများ ခဲ့တာ သူမ မသိဘဲနေမလား။ ပတ်ဝန်းကျင်မှာ မာယာဆက်ဆိုတဲ့ နာမည် ကို ထည့်မပြောရဲပေမဲ့ သုံးပွင့်ဆိုင်ဇာတ်လမ်းကို လူတွေ အုံးအုံးကျွက် ကျွက် စိတ်ဝင်တစား ပြောဆိုနေကြသည် ။ ပြောပါစေပေါ့ …၊

လေးလေးပြောသလို သူမဟာ သူများ အချစ်ကို လုယူခဲ့သော ရာဇဝ င်ဇာတ်တော် တစ်ခုခုထဲက မိန်းမကြမ်းမျိုးဖြစ်ချင်ဖြစ်နေပါစေ …၊ "ငါ့ ခေတ်မှာ ငါ့ရာဇဝင်တွေကျန်ခဲ့တာ ကောင်းတာပေါ့" လို့ ပြောပေးလိုက် ဦးမယ်။

"မမ ဘာတွေသဘောကျနေတာလဲ"

"ဟင် … တို့ လား …"

မလိုအပ်တော့သည့် ကက်ပူချီနိုကို မွှေနေရင်း လက်က ဖျတ်ခနဲ ရပ် သွားပြီး မျက်ခုံးလေးပင့်၍ မေး၏။ မိုးမွှန်က ခေါင်းညိတ်လိုက်ပြီး စီးက ရက် ညှပ်ထားသည့်လက်ကို စားပွဲစွန်းမှာ လက်ဖနောင့်နဲ့ မှေးတင်ထား ကာ …

"မမကို ကျွန်တော် အထင်ကြီးတာ အဲဒီအပြုံးတွေပဲ"

"ဟုတ်လား၊ ပြောပါဦး"

"မမရဲ့ မျက်နှာက အဲဒီအပြုံးကြောင့် အရမ်းလှတယ်"

"အိုး ..."

"ဘယ်လိုပြောရမလဲ၊ ဘာမှ ကြောင့်ကြမှုမရှိတဲ့ အဲ ... မပူပင်တတ်တာကို ပြောတာ မဟုတ်ဘူး ၊ ဂရုမစိုက်တတ်တဲ့ အပြုံးမျိုး ..."

"တို့ မျက်နှာကို မင်းတော်တော်ဖတ်တတ်နေပြီပဲ မိုးရဲ့ "

"ဟုတ်တယ်"

လို့ ပြောပြီး မာ သာသာလေးတွန်းပေးလိုက်သည့် ကော်ဖီပန်းကန်ကို မထိကိုင်ဘဲ စိုက်ကြည့်နေသည် ။ ပြီးမှ ဖျတ်ခနဲ မျက်လွှာပင့်လာကာ ...

"ဒါပေမဲ့ ကျွန်တော် ရင်းနှီးဖူးတဲ့ တစ်ယောက်ကျတော့ ..."

"ယောကျ်ားလေးလား၊ မိန်းကလေးလား"

"ဟင် ..."

ပြန်မေးလိုက်သလို မျက်ခုံးတစ်ဖက် မသိမသာပင် ကြည့်ကာ မိုးမွန်က ချက်ချင်းမဖြေ။ ဒါပေမဲ့ မူမပျက်သည့်ပုံနှင့် ခေါင်းညိတ်၍ ...

"မိန်းကလေးပါ"

"ဟုတ်ပြီ ... ဆက်ပြော"

အပြုံးမပျက်သည့် မာ့ကို မိုးမွန်က စိုက်ကြည့်၍ ...

"မမ တစ်ယောက်ယောက်ကို ဒေါသဖြစ်နေရင်း သူ့မျက်လုံးတွေနဲ့ တူတယ်"

"ဩော် ..."

"ဒါပေမဲ့ သူက မျက်လုံးတွေပဲ ရဲစွမ်းသတ္တိရှိနေတာ၊ စိုးရိမ်ကြောင့်ကြမှု အရမ်းများ တယ်"

"မိန်းကလေး တော်တော်များများ ဒီလိုပါပဲ"

"သူ့ကို ဘယ်သူနဲ့ မှ မတူဘူးလို့ ကျွန်တော် ထင်ခဲ့တာ၊ အစကဆို စိတ်ဓာတ်မာကျောတယ်၊ ဇွဲရှိတယ်၊ သူ ငိုရင် ရှိုက်နေတာတောင်မှ ဘယ်တော့မှ အသံမထွက်ဘူး"

"အတွင်းကျကျပါလား မိုး၊ အဲဒီတစ်ယောက်နဲ့ ရိုးမှ ရိုးရဲ့ လား"

မိုးမွန် မျက်နှာကွက်ခနဲ ပျက်သွား၏။ ဒါပေမဲ့ ခဏလေးပဲဖြစ်ကာ ...

"အရမ်းကိုရင်းနှီးခဲ့တာ၊ သူငယ်ချင်းမိန်းကလေး ဆိုပါတော့ ..."

"ဒီလောက်ဆို ရပြီ။ မိုးရေ တော်ပါတော့"

တားဆီးသံက ဒေါသနှင့်မဟုတ်ဘဲ ပြုံးနေလျက်နှင့် မျက်စောင်းရွယ်နေသေးသည် ။ မိုးမွန်က အပြစ်ရှိသူတစ်ယောက်လို သွားတွေပေါ်အောင် ပြုံး၍ ကော်ဖီပန်းကန်ကို ကိုင်၏။

"ဟွန်း ... ကိုယ့်ချစ်သူပါးစပ်က တခြားမိန်းကလေးတစ်ယောက်ကြောင်း ဒီလောက်ပြောနေတာ ဒီရင်ဘတ်ထဲမှာ ဘာဖြစ်နေလဲ သိလား"

"ရိုးရိုးသားသားမို့ ပြောတာလေ၊ မမကလည်း ပြုံးနေတာပဲဟာ"

"အဲဒါ ရှင့်ကို စိတ်ညစ်မသွားစေချင်လို့ ဒီက စိတ်ညစ်ခံနေရတာ၊ မပြောနဲ့ တော့ ၊ ရိုးရိုးဖြစ်ဖြစ်၊ ဆန်းဆန်းဖြစ်ဖြစ် ပါးစပ်ထဲရောက်ရောက်လာတတ်တာကို တို့ သတိထားမိတယ်၊ နားမထောင်ချင်ဘူး"

"ဟုတ်ပြီ၊ မပြောတော့ဘူး"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်မိကြ၏။ မာ့ရင်ထဲကတော့ စောစောက မိုးမွန် ငိုင်နေသည့်ပြဿနာရပ်အကြောင်းကို သိချင်စိတ်တွေဖြစ်နေဆဲ ...။ မရမကမေးလိုက်လျှင် မိုးမွန်က ဖုံးထားမှာ မဟုတ်ပေ၊ ဒါပေမဲ့ ညာနေတာကိုပဲ လက်ခံထားချင်တာမို့ မမေးဖြစ်ခဲ့ပါ။

"မိုး"

"ဗျာ"

"တို့ ကို တကယ်ချစ်ရဲ့ လား"

"မချစ်တဲ့ ပုံ ပေါက်နေလို့ လား မမ"

"တို့ က လောဘကြီးနေတတ်ပါတယ်၊ ဒါပေမဲ့ကွာ မင်းက တို့ ထက် အသယ်ငယ်တယ်၊ အရမ်းချောတယ်"

"မမလည်း အရမ်းလှတာပဲ"

ကိုယ့်ကို လှတယ်ပြောတာ သဘောကျမိပေမဲ့ မာ့မျက်လုံးထဲမှာ တစ်စုံတစ်ယောက်၏ မျက်နှာလေး ကွက်ခနဲပေါ်လာ၏။ စိတ်ထဲမှာ မလုံခြုံသလိုပါ။

"မမ စားလေ၊ ပေါင်မုန့်နဲ့ အသားညှပ်တွေ ကြော်ထားတာ၊ အေးကုန်ရင် မကောင်းဘူး"

"မစားချင်တော့သလိုပဲ"

"ဟောဗျာ"

"ဟုတ်တယ်၊ မင်းနဲ့ ပတ်သက်လာရင် အိပ်မက်ဆိုးမက်ရင်တောင် ပြန်အိပ်လို့ မရဘူး"

"ပြဿနာပဲ၊ ကျွန်တော့်ဘက်က ရိုးသားလို့ ပြောလိုက်တာပါ"

"ဟုတ်ရဲ့ လား" လို့ မေးလိုက်သလို မာ့ မျက်ဝန်းတွေ သူ့ဆီ ညို့ခနဲ ရောက်၏။

"တကယ်ပါ သူများကဲ့ရဲ့ ကြတာကို မကြားသလိုနေပြီး မမနဲ့ ကျွန်တော်တွဲခဲ့တာ။ အဲဒါတွေကို မချစ်ဘဲနဲ့ ဟန်ဆောင်လို့ မရဘူး"

ဟုတ်တော့ ဟုတ်ချင်သလိုလိုပါပဲ၊ ပြောဆိုရယ်မောနေကြပြီဆို "ဒီကောင်ငွေမက်လို့ " ဆိုတဲ့ အတင်းအဖျင်းစကားတွေကိုတောင် ပြောရက်လေခြင်းလို့ ခါးထောက်ရန်တွေ့ချင်လောက်အောင် မိုးမွန်က မာ့ကို ဂရုစိုက်သည် ။ စိတ်ညစ်သည် ပြောလျှင် ရယ်စရာတွေပြောတတ်သလို ရင်ခုန်စရာတွေနဲ့ ဖြားယောင်းတတ်တာလည်း အချစ်တွေပဲ မဟုတ်ဘူးလား။

ဟုတ်ဟုတ် မဟုတ်ဟုတ် သူမကတော့ ဟုတ်တယ်လို့ ပဲ ထားလိုက်သည် ။ အသက်ချင်းကွာသည် ။ အဆင့်အတန်းလည်း မတူ၊ ဒါကြောင့် ဘာဖြစ်လို့ လဲ ကိုယ့်ဘက်ကို ယိမ်းယိုင်လာတာ ဖြစ်ပါစေ ကိုယ်ကရော တစ်သက်တာထာဝရအဖြစ် မျှော်လင့်ထားခဲ့တာမှ မဟုတ်ဘဲ။

တစ်ခုတော့ ရှိတာပေါ့၊ ဒီထက်ချစ်တာတွေပြပြီး ဒီထက်ဖြားယောင်းနိုင်လာရင်တော့ ကိုယ်ကမှ မစွန့်လွှတ်နိုင်တော့ဘူးဆိုလျှင် ...

"မနက်ဖြန် မင်း တို့ ပေးတဲ့ သော့ကို လက်ခံပါ"

ဖုန်းခနဲပြောလိုက်တော့ ပြောလက်စအတိုင်း ဆက်ဖို့ ပြင်နေသည့် မိုးမွန်က မျက်မှောင်ကြုတ်နှင့်ကြည့်၏။ မာက ပြုံးလိုက်ပြီး ...

"မင်းအတွက် တို့ ဝယ်ထားတဲ့ တိုက်ခန်းလေ၊ ပင်လုံအိမ်ရာမှာ ၊ အရမ်းတိတ်ဆိတ်တယ်၊ ဒီတစ်ခါတော့ မင်း မငြင်းနဲ့ တော့"

မိုးမွှန်က ခေါင်းခါလိုက်ပြီး ဘာမှ မပြော။

"တိုက်ခန်းဆိုပေမဲ့ အားလုံးပြည့်စုံတယ်၊ မင်းအတွက် ဝယ်ထားတာကို အခု ပိတ်ထားရတာ ဘယ်နှလရှိပြီလဲ"

"ကျွန်တော်က ..."

"မင်းပြောတော့ ဘယ်သူ ဘာပြောပြော ဂရုမစိုက်ဘူးဆို"

"အဲဒါကိုတော့ စိုက်မှ ဖြစ်မယ် မမ၊ ကျွန်တော် ..."

"ဘာမှ ဂရုမစိုက်နဲ့ ကွာ၊ တို့ လည်း မင်းကို သတ္တိရှိရှိနဲ့ ချစ်ခဲ့တာ၊ မင်းက သတ္တိမရှိလို့ ဖြစ်မလား"

"ဒါတစ်ခုကိုတော့ လောလောဆယ် စဉ်းစားခွင့်ပေးပါ မမရယ်"

သူ တောင်းပန်သလိုပြောပြီး နဖူးကို လက်ညှိုးနဲ့ ကုတ်ခြစ်နေမိသည် ။ သတ္တိနည်းတာမဟုတ်ပေမဲ့ ရုတ်တရက် မမရဲ့ မျက်ဝန်းတွေက လွတ်အောင် ကိုယ့်မျက်လုံးတွေကို လက်နဲ့ မသိမသာ ကာကွယ်လိုက်မိတာ ဖြစ်၏။

ကိုယ့်ရင်ထဲက ဗာဟီရကိစ္စတွေကို ကိုယ်ပဲသိသည် ။ ဒါကိုလက်ခံလိုက်လျှင် ...

"မိုး"

"ဗျာ"

"မင်းက တို့ အပေါ် တစ်ခုခုလျှို့ဝှက်ထားမယ်၊ လိမ်ညာနေမယ်ဆိုရင် တို့ က ခွင့်လွှတ်တယ်၊ ဒါပေမဲ့ တစ်ခုပဲနော်၊ အဲဒီတစ်ခုရဲ့ အမှန်တရားကို တို့ ကိုယ်တိုင် မသိချင်လို့ မင်းညာနေတာကို ဒီတိုင်းပဲနေပြီး အညာခံခဲ့တာ၊ နောက်ထပ်ညာတိုင်းရတယ်ဆိုပြီး ..."

"မဟုတ်တာ၊ မမကလည်း ..."

" မဟုတ်ဘူး ဆိုရင် ပြီးတာပဲ၊ ဒါပေမဲ့ ဒီတိုက်ခန်းကို မင်း လက်မခံ သရွေ့ မင်းနဲ့ တို့ ကြားမှာ အဆင်မပြေမှုတစ်ခုက ရှိနေမှာ ပဲ"

ဒုက္ခပါလားလို့ မသိမသာတရင်း မိုးမွန်က မအီမလည် ပြုံးသည် ။

အချစ်တော့ အချစ်ပါပဲ၊ ဒါပေမဲ့ မချိုဘဲနဲ့ ဖန်တွတ်တွတ်ဖြစ်နေ၏။ ကိုယ်နှစ်သက်တာက အချို ...။

***